ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ DMA / SSE / NM / ၀၂ / ၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(DMA)Notice (၂/၁၉)
(၂) စွမ်းအင်ဝန်ကြီးဌာန၏ ၃၁-၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ MOE-၁/၃(လုံခြုံရေး)(၀၆၇၈)/၂၀၂၄

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းရှိ Shwe Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV. JENNY (Call Sign: PNRZ) ရေယာဉ်ဖြင့် ၂၈-၂-၂၀၂၄ ရက်နေ့မှ ၂၀-၃-၂၀၂၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Environmental Impact Assessment Survey လုပ်ငန်းများဆောင်ရွက်မည့် ရေယာအကျယ်အဝန်းများကိုဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41′ 11.35″ N | 092° 31′ 31.86″ E |
| B | 19° 41′ 40.17″ N | 092° 32′ 33.48″ E |
| C | 19° 39′ 52.67″ N | 092° 32′ 15.21″ E |
| D | 19° 40′ 23.27″ N | 092° 33′ 20.19″ E |

၃။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းရှိ Shwe Phase 3 Development Project အရ Environmental Impact Assessment Survey လုပ်ငန်းများအား MV. JENNY (Call Sign: PNRZ) ရေယာဉ်ဖြင့် ၂၈-၂-၂၀၂၄ ရက်နေ့မှ ၂၀-၃-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ရေယာအကျယ်အဝန်းများမှ (၄) ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)